mgyoe.com
SAMPLE BOOK

# အိုင်းဒီး

## သစ်ရွက်နီရောင်ပြေးလေးတွေ



**Aidii**

**Thinghnah Senṭial Tete**

**Kawl in Lai ah a lettu : Salai Ṭial Awi Thang**

mgyoe.com

mgyoe.com SAMPLE BOOK

တွယ်ငြိရပုံများ
လေပြည်တစ်ချက် အငွေ့မှာ
ကြွေကျသွားဖို့ စောင့်နေတဲ့
အကိုင်းအခက်မှာ တဲတဲလေး တွဲခိုနေဆဲ
သစ်ရွက်ခြောက် အပွဲ့ကလေးလို

Art: Aidii, Cover Design: Maung Day

9 248050 632999

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

ဒီနေ့နဲ့ မနက်ဖြန် ကြားမှာ
အချိန်ကာလ အပိုင်းအခြားတစ်ခု ရှိတယ်
အဲဒီအပိုင်းအခြားမှာ တစ်စုံတစ်ဦး ရှိနေတယ်

သူဟာ အဖြူ၊ အမည်း ခလုတ်ကလေးတွေမှာ
ဆွဲငင်အား မရှိတဲ့ ကမ္ဘာတစ်ခုမှာ လွင့်မျောလို့
သူ့ကို ဆွဲနှစ်နေကြတဲ့ နွံထဲကနေ ရုန်းထွက်
ရှင်သန်ကြီးထွားဖို့
လေထု၊ နေရောင်ခြည် အကူအညီကို ယူ

သစ်ပင်တစ်ပင်ဟာ သူ့ကိုယ်သူ ကုစားရင်းနဲ့
ကဗျာ သစ်ကပ်ပန်းတွေကို ပွင့်စေတယ်

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

နှစ်ကာလများ
စာအုပ်အစီအစဉ် ၆၀၅

# သစ်ရွက်နီရောင်ပြေးလေးတွေ

အိုင်းဒီး

နှစ်ကာလများ
အမှတ် ၁၀၄၊ အပေါ်ဆုံးထပ် (က)၊
အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁ ၈၂၂၅ ၉၄၈၊ ၀၉ ၇၄၀ ၉၇၉ ၃၉၃

mgyoe.com

mgyoe.com SAMPLE BOOK

**ပုံနှိပ်မှတ်တမ်း**

သစ်ရွက်နီရောင်ပြေးလေးတွေ

အိုင်းဒီး

ပထမအကြိမ်၊ စက်တင်ဘာ၊ ၂၀၂၅။

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀၀၀ ကျပ်

**ထုတ်ဝေသူ** – ဦးစိန်ဝင်း၊ နှစ်ကာလများစာပေ (၀၀၇၄၄)၊ ၁၀၄၊ အပေါ်ဆုံးထပ် (က)၊ အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ **အတွင်းနှင့် အဖုံးပုံနှိပ်** – ဦးအေးဝင်း (၀၀၂၉၀)၊ အေးကမ္ဘာပုံနှိပ်တိုက်၊ ၄၆၊ ၄၆ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ **မျက်နှာဖုံးနှင့် အတွင်းပန်းချီ** – အိုင်းဒီး၊ **မျက်နှာဖုံးဒီဇိုင်း** – မောင်ဒေး။ **ကွန်ပျူတာစာစီ** – သရဖီ၊ **စာအုပ်ချုပ်** – ကိုမြင့်။

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ

| | |
|---|---|
| တွယ်ငြိရခြင်း | ၈–၁၉ |
| နေ့ရက်များ | ၂၂–၂၈ |
| တစ်ကိုယ်ရေ မိခင် | ၃၀–၃၆ |
| ဟားခါး | ၃၈–၄၂ |
| အမေရိကန် အိပ်မက် | ၄၄–၅၂ |
| စိတ် | ၅၄–၆၆ |
| သစ်ရွက်နီရောင်ပြေးလေးတွေ | ၆၈–၇၃ |
| အမှတ်တရဦးချိမ့် | ၇၆–၇၉ |
| အဆုံးသတ် | ၈၂ |

mgyoe.com

mgyoe.com SAMPLE BOOK

ရှိနေရမယ့် နေရာမှာ ရှိမနေကြတဲ့သူတွေ
အားလုံးအတွက် ...

mgyoe.com

mgyoe.com SAMPLE BOOK

# တွယ်ငြိရခြင်း

mgyoe.com

mgyoe.com SAMPLE BOOK



၁။

ဘယ်တုန်းကမှ ခုလိုမျိုး ကျွန်မတို့ မဆုံခဲ့ကြရင်
ခုနေ ဘာတွေ ဖြစ်နေမလဲ

အိုဆာကာမြို့ရဲ့ တောလမ်း တစ်နေရာ
လမ်းလျှောက်ရင်း တွေ့ခဲ့တဲ့ ပန်းဖူးလေး
ပန်းပွင့်တဲ့အခါ ဘာအရောင်များ ဖြစ်မလဲ
ဘယ်သူ့ကိုမှ မမေးလိုက်ပါဘူး

မကြာခင် သစ်ရွက်တွေ အရောင်ပြောင်းကြတော့မယ်
အနီ၊ နီညို၊ လိမ္မော်၊ လိမ္မော်နီ၊ အဝါ စသဖြင့်

ကျွန်မတို့အိမ်ရဲ့ အနောက်ဘက်မှာ
ခုတ်ဖြတ်ထားကြတဲ့ သစ်ငုတ်တိုတစ်ပင် ရှိတယ်
သူ့ရဲ့သစ်ရွက်တွေဟာ အရောင်ပြောင်းသွားကြသလား
ဘာအရောင်များ ဖြစ်ခဲ့မလဲ

ကျေးဇူးပြုပြီး ကျွန်မကို မပြောပြကြပါနဲ့
မသိရခြင်းလေးအတိုင်းပဲ နေသွားချင်ပါတယ်

စက်တင်ဘာ ၂၃၊ ၂၀၂၃။

mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK



၂။

ရှင့်မျက်ဝန်းထဲမှာ ရှာဖွေခွင့် ရဦးမလား
အကြည့်တွေကို မလွှဲလိုက်ပါနဲ့

တွယ်ငြိရပုံများ
လေပြည်တစ်ချက် အဝှေ့မှာ
ကြွေကျသွားဖို့ စောင့်နေတဲ့
အကိုင်းအခက်မှာ တဲတဲလေး တွဲခိုနေဆဲ
သစ်ရွက်ခြောက် အပဲ့ကလေးလို

အောက်တိုဘာ ၃၊ ၂၀၂၃။

mgyoe.com

mgyoe.com SAMPLE BOOK



၃။

ညနေခင်း အိပ်မက်ထဲမှာ
နေရောင်တွေ ရေတံခွန်လို စီးနေတဲ့
သန့်ပြန့်ပြီး ရှင်းတောက်
မီးဖိုချောင်တစ်ခုကို မက်တယ်

ရှင်းလင်းနေတဲ့ အခန်းရဲ့ အလယ်
အပြာရောင် ဗီရိုတစ်လုံး
တံခါးချပ်တွေကို ဆွဲဖွင့်လိုက်
နံရံတွေ ပျောက်ကွယ်သွားကြပြီး
ကီမိုတောင်တန်းက တိမ်စိုင်ဖြူဖြူနဲ့
တစ်နေ့တုန်းက ရယ်သံတွေ

ဘုံတလာရေတံခွန် ကျောက်ပြားချပ်ကြီးတွေရဲ့
အစွန်းမှာ ထိုင်ပြီး
ဓားသွားတွေလို ရေလွှာတွေကို ငုံ့ကြည့်ဖူးလား
ကျောက်ဆောင်နံရံတွေမှာ နှစ်ချီ စွဲနေကြတဲ့
ပျားရည်ရွှဲရွှဲ တွဲကျ နှစ်ချို့ ပျားအုံတွေ

mgyoe.com

mgyoe.com SAMPLE BOOK



လူတွေကတော့ လိုချင်ရင် မရမက
နည်းလမ်းရှာ ရောက်အောင် သွားကြတာပဲ
သက်စွန့်ဆံဖျား

ရိဒ်ရေကန် ကြမ်းပြင်မှာ ဝိညာဉ်တွေ အိပ်စက်နေကြတယ်တဲ့
အသည်းပုံ ရေကန်နံဘေး ခုံတန်းလေးထက်မှာ
တစ်ယောက်တည်း ထိုင်နေရင်း
ဖက်ကြမ်း တစ်လိပ်ဖြစ်ဖြစ်၊ ဝီစကီ တစ်ခွက်ဖြစ်ဖြစ်
ကိုယ့်လူငယ်ဘဝ ဝိညာဉ်ဖြစ်ဖြစ်
ဒါမှမဟုတ် မင်းပဲဖြစ်ဖြစ်

တစ်ခုမဟုတ် တစ်ခုပေါ့
ဘာဖြစ်ဖြစ်။

အောက်တိုဘာ ၁၈၊ ၂၀၂၃။

mgyoe.com

mgyoe.com SAMPLE BOOK



၄။

နှုတ်ခမ်းလှုပ်ရုံ တိုးတိုးလေး ပြောပေမဲ့
ကြားနေရတာပါပဲ

ရေစီးနဲ့အတူ သစ်ရွက်ကလေး နှစ်ရွက်
အတူတူ မျှောလိုက်တယ်
ဘယ်အရွက်က စပြီး ခွဲခွာသွားမလဲ
ကျောက်တုံးတွေကြားထဲ ရောက်သွားတဲ့
သစ်ရွက်ကလေးကို အခြားတစ်ရွက်က
မကူနိုင် မကယ်နိုင်
ရေစီးထဲ တဝဲလည်လည်

လမ်းရှာနေတဲ့ သစ်ရွက်ကလေးကို
အသာ ကောက်ယူပြီး
သူ့အဖော်ဆီ ပို့ပေးလိုက်ရင်း
ရှင့်နာမည်ကို ခေါ်လိုက်တဲ့
ကျွန်မရဲ့အသံကို
ကြားရလား

အောက်တိုဘာ ၂၄၊ ၂၀၂၃။

mgyoe.com

mgyoe.com
SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK



၅။

လတ်လတ်ဆတ်ဆတ် ရွက်ကြွေများ
အထပ်ထပ် ခင်းထားတဲ့ သစ်ပင်ခြေရင်းမှာ
သစ်ရွက်နီနီများ ထောင်သောင်း များစွာ
တစ်ခုသော သစ်ရွက်ကို ရွေးယူ
ကျွန်မ ရှင့်ကို ရှာတွေ့ပြီ

ပစ်မှတ်ထိ မြားတစ်စင်းလို
အလင်းပြောက်ကျ ကျောက်ဂူထဲ
ရေစက်တွေလို တစ်စက်ပြီး တစ်စက်
ကဗျာခေတ်

ကျွန်မ ရှင့်ကို ပြန်ရပြီ
လိပ်ပြာ ထောင်ချီ တောင်ပံဖြန့်
တဖျပ်ဖျပ် ခတ်နေကြ

အောက်တိုဘာ ၂၅၊ ၂၀၂၃။
Inspired by 'I Saw You' Fred Again x Brian Eno

mgyoe.com

mgyoe.com SAMPLE BOOK



၆။

အဝါရောင် သစ်ရွက်ကြွေတွေကြား
ပြေးဝင် ပုန်းတတ်တဲ့
ကြောင်ဝါလေး တစ်ကောင်နောက်ကို လိုက်ရင်း
ဒီနေ့အထိ ရောက်လာခဲ့

ကြမ်းခင်းကော်ဇော အဖြူရောင်ပေါ်
မှောက်ကျသွားတဲ့ ကော်ဖီခွက်
ဒီလို စွန်းထင်းကျန်ရစ်ခဲ့မှုများနဲ့ ဘဝကို
ကျင့်သားရအောင် နေထိုင်
အထပ်ထပ် ရစ်သိုင်းတဲ့ မြူထူထူလို
လေးလံလာတဲ့ မျက်ခွံများ
ဘယ်တော့မှ ပြန်မဖွင့်ဘဲ
အိပ်ပစ်လိုက်တော့မယ့်ဆဲဆဲ

မီးခိုးမြူထဲကနေ ရုတ်တရက်
ကိုယ့်ဆီတည့်တည့် ခုန်ဝင်လာ

အောက်တိုဘာ ၂၈၊ ၂၀၂၃။

mgyoe.com

mgyoe.com SAMPLE BOOK



၇။

'ထပ်တူ ခံစားရလား
ကျွန်မကတော့ ဘယ်တော့မှ
ထပ်မချစ်တော့ဘူး'
Soko

ရင်ဘတ်တစ်ခုလုံး စုတ်ပြတ်သတ်သွားအောင်
ကုတ်ခြစ်ပစ်လိုက်ချင်သူတွေ
ဆီးဆော အစွန်းနှစ်ဖက် မမျှတဲ့သူတွေ
တစ်ဦးရဲ့ အနာကို တစ်ဦး
နှုတ်သီးချွန်နဲ့ ထိုးဆွကြသူတွေ
တွင်းနက်ထဲကို တွန်းချကြသူတွေ
ကြိုးသက်သက် မဟုတ်တဲ့
ကြိုးကလေး မချပေးချင်သူတွေ
စီးကရက် ရှိပြီး မီးခြစ် မရှိကြသူတွေ လိုမျိုး
ဘယ်တော့မှ ထပ်မချစ်တော့မယ့်အကြောင်း

နိုဝင်ဘာ ၁၊ ၂၀၂၃။

mgyoe.com

mgyoe.com SAMPLE BOOK



၈။

လမ်းညွှန်မြေပုံလို မဲဘယ်လ်ကိုင်းများ
ဖုံးကွယ်ထားမှုများ အားလုံးကို ခြွေချ
လှစ်ဟ ဖော်ပြခဲ့ပြီ

မရင့်ကျက် ရှက်နု အစို့အညှောက်လေးများ
စိမ်းလန်း နားခိုရာ အရိပ်အမြုံ
အသွေးစုံ အရောင်စုံ ခမ်းနားစွာ ပြောင်းလဲမှုများ

သင်္ကေတန်အမျိုးမျိုး ဖြစ်နိုင်ပါတယ်
ကျွန်မ ဆိုလိုချင်တာကို သိလား

နိုဝင်ဘာ ၂၉၊ ၂၀၂၃။

mgyoe.com

mgyoe.com SAMPLE BOOK



၉။

ငြိုးငွေ့စရာ နေ့ရက်များနဲ့
ငြိုးငွေ့စရာ အကြောင်းပြချက်များ
မပြီးတော့ဘူးလား

ကိုယ့်ကိုယ်ကိုယ် မြင်အောင် ကြည့်ပါ
အရှိအတိုင်း ပကတိ
ပြီးတော့ ဘာဖြစ်ဖြစ်
တင်းတင်းကျပ်ကျပ် ပွေ့ဖက်လိုက်ပါ

ခရီးဖော်ရေ ဒီတိုင်းလေး
ကိုယ့်ဝန် ကိုယ့်ပလိုင်းထဲ ထည့်ရွက်ရင်း
ခရီးတစ်ထောက် နားခိုရာ ကျောက်တိုင်မှာ
တစ်ဦးကို တစ်ဦး ဖေးကူရင်း၊
မထိမခိုက် ဒီတိုင်းလေးပဲ
ရှေ့ဆက် သွားကြမလား

ဒီဇင်ဘာ ၁၇၊ ၂၀၂၃။

mgyoe.com

mgyoe.com SAMPLE BOOK



၁၀။

ခုံအောက်၊ စားပွဲအောက်၊ ကော်ဇောအောက်မှ
စိတ်ရဲ့အတွင်း အနက်ရှိုင်းဆုံး
ထောင့်ချိုးနေရာများထိ
တဖြည်းဖြည်းချင်း လှဲထုတ်ခဲ့ပြီးမှ

လမ်းဘေးတစ်နေရာက လူသေ အလောင်းများ
ပုပ်ပွ အသားစများ၊ ကျိုးပဲ့ အရိုးများ
ပြိုပျက် အဆောက်အဦးများ
မည်းနက် မီးလောင်ပြင်များနဲ့
ဒီလို အနိဋ္ဌာရုံထဲ
အဆန်းပြားဆုံး မင်းသားလေးရဲ့ နှင်းဆီနီ
သက်တံ ရေတံခွန် စီးဆင်းတဲ့
ဖန်သားကျောက်ဆောင်

'ကျွန်မတို့ အချစ်ကို
မျှော်လင့်ချက်မဲ့ နေရာမှာ
ရှာဖွေတွေ့ရှိခဲ့ကြ'*

ဒီဇင်ဘာ ၂၀၊ ၂၀၂၃။

*Rihanna

mgyoe.com

mgyoe.com SAMPLE BOOK



၁၁။

ခြစားသွားတဲ့ စာအုပ်များ
ဘာကိုမှ မခံစား၊ မငိုကြွေးနိုင်ခဲ့
မိုးရေငွေ့ အထပ်ထပ် ကားမှန်ရှေ့
ဖောက်ထွင်းပြီး ပျော်ရွှင်စရာ
ဘာကိုမှ မမြင်နိုင်ခဲ့
တစ်ကိုက်ပဲ ကိုက်ပြီး ပစ်ထားတဲ့ ပန်းသီး
ဘာကိုမှ ဆာလောင်မှုလည်း မရှိခဲ့

သံပတ်ကိုသာ အထပ်ထပ် လှည့်
ထုံကျဉ်နေခဲ့တဲ့ စိတ်နှလုံးမှာ
တက်တူး အပ်ပေါက်ရာလို
တဆစ်ဆစ် ဝေဒနာ
ဝမ်းပန်းတသာ လက်ခံရရှိခဲ့

ဒီဇင်ဘာ ၂၁၊ ၂၀၂၃။

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# နေ့ရက်များ

mgyoe.com

mgyoe.com SAMPLE BOOK



၁။

ဆွေးနေတဲ့ ရွက်ဖျားကလေးကို ဖြတ်တောက်လိုက်ရတဲ့
နေ့ကလေး တစ်နေ့ပေါ့
ပြဇာတ်ရေးသူရေ ဘယ်အချိုးအကွေ့မှာ
မီးမောင်း ဘယ်ဘက် လှည့်ရမလဲ
ကြိုပြောပါ


စင်ပေါ်ရောက်မှ စိတ်ကူးတည့်ရာ စကားလုံးများနဲ့
အမှုအရာ အချိုးအကွေ့ များလှ
ပရိသတ်များ မရိပ်မိအောင်
ပြတ်လုလု ကြိုးတန်းပေါ် ထိန်းလျှောက်နေရတဲ့
ဖိုဝါဒီများ ဖိနှိပ်မှုအောက်က ရုန်းထ
မိန်းမတစ်ယောက်

အချစ်ကို ပြန်လည်တွေ့ရှိခြင်း
ကမ္ဘာသစ်ကို ရှာဖွေတွေ့ရှိခြင်း
ဆုံးရှုံးခဲ့ရသမျှ ပြန်ရခြင်း
ဘာမှမဟုတ်
သောက်နေကျ ဝိုင်ပုလင်းတံဆိပ်ကို
ပြောင်းလိုက်ရခြင်းမျှ

အောက်တိုဘာ ၁၄၊ ၂၀၂၃။

mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK



၂။

အမြန်ပြကွက်တွေလို ရစ်ပစ်လိုက်ချင်တဲ့ နေ့ကလေး တစ်နေ့ပေါ့
အဆိုး အကောင်း တစ်ခန်းစီကို
ဇာတ်ညွှန်းအတိုင်း
နာနာကျင်ကျင် နက်နက်နဲနဲ လှိုက်လှိုက်လှဲလှဲ

နိုဝင်ဘာ ၁၃၊ ၂၀၂၃။

mgyoe.com

mgyoe.com SAMPLE BOOK



၃။

တိမ်စိုင် အဆုပ်အလိပ်ကလေးတွေကို မော့ကြည့်ရင်း
သောင်းဘီဝတ် မိုးတိမ်*ကို အမှတ်ရမိတဲ့
ရှားရှားပါးပါး ငါ ပျော်နေပါ့လား ဆိုပြီး
တက်တူးထိုးလိုက်ချင်တဲ့ နေ့တစ်နေ့ပေါ့

အဲဒီအချိန် မတိုင်ခင်အထိ

အရေပြား ကင်းဗတ်စ
တဖြည်းဖြည်း တွန့်ကြေလာ
ကျွန်မရဲ့ ဝတ်လစ်စားလစ် ကိုယ်လုံးပေါ်မှာ
စိတ်နဲ့တောင် ထိုးမရတဲ့ တက်တူးပေါင်း များစွာ

နိုဝင်ဘာ ၁၅၊ ၂၀၂၃။

*မာယာကော့ဖ်စကီး (မောင်သာနိုး ဘာသာပြန်)

mgyoe.com

mgyoe.com SAMPLE BOOK



၄။

ပန်းချီရေးချင်တဲ့ နေ့တစ်နေ့ပေါ့
မေ့မေ့ပျောက်ပျောက် ဖြစ်ခဲ့တဲ့
လိုင်းတွေ၊ ဆေးသား ထူပျစ်ပျစ်တွေ
ရေလို ကြည်လင် အရောင်မျောလေးတွေ
ပန်းချီကားချပ်ပေါင်း များစွာ
စိတ်ရဲ့ နံရံထက်မှာ

ဆေးပုံးအနီနဲ့ လှမ်းပက်
ပန်းချီကားချပ်တွေအပေါ်
သမံတလင်းပေါ် ပြန့်ကျဲသွားတဲ့
သွေးအိုင်ကွက်လို အနီ

လေးလံလာတဲ့ မျက်ခွံတွေအပေါ်
နွေးနွေးကွေးကွေး စီးကျလာ
မိုးပြာရောင် ကောင်းကင်ဟာ
အနီရောင် ဖုံးလွှမ်းသွား

နိုဝင်ဘာ ၁၈၊ ၂၀၂၃။

mgyoe.com

mgyoe.com SAMPLE BOOK



၅။

နှစ်တော်တော်ကြာ သုံးခဲ့တဲ့
လက်ချုပ် သားရေပိုက်ဆံအိတ်ကလေးကို
ပစ်ခဲ့ရတဲ့ နေ့တစ်နေ့ပေါ့
ငှက်ပျောရွက် စိမ်းစိမ်းပေါ်
ရေနွေး လောင်းချလိုက်သလို

ရွာသားတွေ ပေါက်ပြားနဲ့တူးပြီး ဖောက်ခဲ့ကြတဲ့
မညီမညာ လမ်း
လက်လွှတ်ခဲ့ရတဲ့ အရာများ၊ လူများ
ဒေသမျိုးစိတ် ပန်းများ၊ အပင်များ၊ လမ်းဘေး မနက်စာများ
မရှိတော့ရင် မရှိတော့ဘူးလို့ မှတ်
ဖြစ်လာရင် ဖြစ်လာတယ်လို့ မှတ်
ကမ္ဘာရှုံးထိုး အမှန်တရား

ဒါကြောင့် ကျွန်မက
အထိအရှ နည်းအောင်
အိပ်မက် ပိုးအိမ်ထဲမှာပဲ နေနေတယ်။

နိုဝင်ဘာ ၁၉၊ ၂၀၂၃။

mgyoe.com

mgyoe.com SAMPLE BOOK



၆။

စည်းဘောင်သတ်မှတ်ချက်တွေကို ကျော်ခဲ့တဲ့ နေ့တစ်နေ့ပေါ့
အလင်း အနည်းဆုံး အမည်းနဲ့
အလင်း အများဆုံး အဖြူကြားမှာ
အသွေးရောင်စဉ်တွေ

ကိုယ့်ကိုယ်ကိုယ် ခေါက်သိမ်းထားတဲ့
မီးဖိုချောင်ထောင့် တစ်နေရာက
ပေါင်ပေါ် ခုန်တက်လာတဲ့
ကြောင်ဝါလေးကို
ပွေ့ဖက် ပွတ်သပ်လို့
အမြစ်တွေ ခိုင်မာလာတဲ့
မိခင်ဘဝ အိမ်တွင်းသစ်ပင်

တစ်နေရာရာမှာ တစ်စုံတစ်ယောက်တော့
နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ပါစေ

နိုဝင်ဘာ ၁၆၊ ၂၀၂၃။

mgyoe.com

mgyoe.com SAMPLE BOOK



၇။

ဆံပင်ရှည်တွေကို ညှပ်ပစ်လိုက်ချင်တဲ့ နေ့တစ်နေ့ပေါ့
ဒါပဲ ကျွန်မ ပြောင်းလဲနိုင်တော့မယ်

စာရွက်ပေါ် စာလုံးလေးတွေ ချရေးလိုက်ဖို့ပဲ
ဘာဖြစ်လို့ ကိုယ့်ကိုယ်ကိုယ် ဆင်ဆာသတ်နေလဲ
ခြံထဲ ပြန့်ကျဲ ရွက်ကြွေနွမ်းတွေကို
အမည်းရောင်အိတ်နဲ့ စုစည်းပြီး
အမှိုက်ကားထဲ ပစ်ထည့်လိုက်ကြတဲ့ ဒီလို နေ့မျိုးမှာပဲ

၃ နှစ်သား ကလေးငယ်နဲ့
ညွှန်ကြားချက်ကို သေသေချာချာ ဖတ်ပြီး
တစ်ဆင့်ချင်း တစ်ဆင့်ချင်း
ဖြစ်လာမယ့် အရာ၊ မဖြစ်လာမယ့် အရာတွေကို စောင့်နေတဲ့
မိန်းမ သံပတ်အရုပ်တစ်ခုကို
အောင်မြင်စွာ တပ်ဆင်ခဲ့

နိုဝင်ဘာ ၁၄၊ ၂၀၂၃။

mgyoe.com

mgyoe.com

SAMPLE BOOK

# တစ်ကိုယ်ရေ မိခင်

mgyoe.com

mgyoe.com
SAMPLE BOOK



၁။

ကဗျာရေးဖို့ သိမ်းထားတဲ့ စကားလုံးလေးတွေကို
သူ့ကလေး လုပြေးသွားတယ်
သီချင်းစပ်ဖို့ တီးနေတဲ့ ဂစ်တာ
သူ့ကလေးက ဆွဲလိုက်လို့ ကြိုးပြတ်သွားတယ်

အဲဒီလိုနဲ့ပဲ နေ့တိုင်း ကဗျာ မရှိ၊ ဂီတ မရှိဘဲ
တစ်နေ့ပြီး တစ်နေ့၊ နစ်မြုပ် ပျောက်ဆုံးသွားကြတယ်
တစ်ကိုယ်ရေ မိခင်တစ်ဦးရဲ့ ပင့်ကူအိမ်

အလယ်ဗဟိုမှာ ရယ်သံ သေးသေးလေး
ချိတ်ဆွဲထားတယ်

စက်တင်ဘာ ၂၄၊ ၂၀၂၃။

mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK



၂။

ညည့်ခန်းကြမ်းပြင်ပေါ် ပြန့်ကျဲ ရောင်စုံ ကစားစရာများ
မီးဖိုချောင် လက်ဆေးကန်ထဲက
ဟင်းသီးဟင်းရွက် အရိုး အတုံး အခွံများ
ပွက်ပွက်ဆူနေတဲ့ စွပ်ပြုတ်ဟင်းရည်
ဓာတ်ပြားစက်ပေါ်က နားထောင်လက်စ သီချင်း
စာကြည့်စားပွဲပေါ်က ဖတ်လက်စ စာအုပ်များ
ခရီးလွန်ခဲ့လို့ ရေဓာတ်ခန်းခြောက်သွားကြတဲ့
အိမ်တွင်း အစိမ်းမွဲမွဲ အပင်များ
ရာသီအကူးမှာ ထုတ်/သိမ်းရမယ့် အဝတ်များ
တစ်နေ့ရာပြီး တစ်နေ့ရာ တစ်ခုပြီး တစ်ခုကို
စိတ်ရှိသလို ဆော့နေတဲ့ ၃ နှစ်သား

အကုန်လုံးကို စေ့စေ့ လိုက်ကြည့်ရင်း
တစ်ခုချင်းရဲ့ အသံကို သေချာ နားစွင့်ရင်း
ဆူညံ အလုပ်များနေတဲ့ ကမ္ဘာမြေကြီးပေါ်က
ငြိမ်သက် ကျွန်းကလေး

mgyoe.com

mgyoe.com SAMPLE BOOK



စိတ်နဲ့ပဲ ရောက်ရတဲ့ နေရာများမှ စိတ်နဲ့ပဲ လှည့်ပြန်ခဲ့ရ
အိမ်ထဲက အိမ်ပြင် မထွက်ရတဲ့ နေ့တွေမှာ
အိမ်ထဲက အိမ်ပြင် မထွက်တဲ့ ကဗျာ

အောက်တိုဘာ ၇၊ ၂၀၂၃။

mgyoe.com

mgyoe.com SAMPLE BOOK



၃။

ဘယ်လိုလုပ် ရေးနိုင်မလဲ
အလိုမကျ ၃ နှစ်သားကို ဆူပူငေါက်ငမ်း
မျက်ရည်ကျ ငိုယိုစေပြီးမှ
အချိုသာဆုံး ကဗျာကို

ဘယ်လိုလုပ် ရေးနိုင်မလဲ
ဆေးကြောစရာ ပန်းကန်ခွက်ယောက်များ
လျှော်ဖွပ်စရာ အဝတ်ညစ်များနဲ့
ဖုန်တက် ကြမ်းခင်းကို နင်းပြီး
အရှင်းလင်းဆုံး ကဗျာကို

ဘယ်လိုလုပ် ရေးနိုင်မလဲ
ခေါင်းလျှော်ပြီးစ ဆံပင်ကို
အချိန်ယူ မဖြီးသင်ဘဲ
လက်ချောင်းများနဲ့ သပ်ချပြီးမှ
အလှပဆုံး ကဗျာကို

mgyoe.com

mgyoe.com SAMPLE BOOK


ဘယ်လိုလုပ် ရေးနိုင်မလဲ
တော်လှန်ရမယ့် အရာတွေကို ခေါင်းငုံ့ခံ
ချကျွေးသမျှနဲ့ အသက်ဆက်
ကိုယ့်တစ်ကိုယ်စာ ဖန်ငါးကန်ထဲမှာ
အလွတ်လပ်ဆုံး ကဗျာကို

အောက်တိုဘာ ၃၁၊ ၂၀၂၃။

mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK



၄။

တစ်ရက်မှာ ၃၁၄ နာရီ
လုံလောက်စွာ အိပ်စက်ဖို့
ကလေးနဲ့ ဆော့ဖို့ ထမင်း ၃ နပ် ချက်ဖို့
အိမ်ကို အိမ်လို ဖန်တီးဖို့

လက်သည်းနီ ဘေးမပေအောင် ဆိုးဖို့
သီချင်း နားထောင်ဖို့၊ စာအုပ် ဖတ်ဖို့၊ ရုပ်ရှင် ကြည့်ဖို့
ေးမောရင်း လမ်းလျှောက်ဖို့
တစ်စုံတစ်ယောက်အကြောင်းကို တွေးဖို့
လိပ်ထားတဲ့ အရွက်နုကို တဖြည်းဖြည်း ဖွင့်ပြတဲ့
Monstera အပင်ကို အသိအမှတ်ပြု ကျေးဇူးစကား ဆိုဖို့
နောက်ဖေးခြံထဲ ပေါင်းနုတ်ဖို့
တစ်ပတ်ရစ် အရောင်းဆိုင်မှာ စိတ်ပြေနပြေ ဈေးဝယ်ဖို့
ကားမောင်းသင်ဖို့၊ ဈေးရောင်းဖို့
ဘာသာစကား တူတဲ့သူများနဲ့ စကားပြောဖို့
နေရာတိုင်းမှာ ရောက်နေပြီး လိုအပ်နေသူတိုင်းအတွက်
ဒီနေ့တစ်ရက်တော့ ကျမကို ၃၁၄ နာရီ ပေးသနားပါ

ခုတော့ ကျွန်မမှာ မနေ့ညက ကဗျာကို
ဒီနေ့ ရေးနေရ။
နိုဝင်ဘာ ၂၁၊ ၂၀၂၃။

mgyoe.com

mgyoe.com SAMPLE BOOK



၅။

ရေစီးသန်တဲ့ မြစ်ထဲ မျောပါသွားရသလို
ကမ်းနားက မြက်ရိုင်းပင်တွေကို
ဖမ်းဆုပ်ဖို့ ကြိုးစားလည်း မရနိုင်
အဝေးက လွင့်ပျံ့လာတဲ့ ခေါ်သံ
သီချင်းသံတွေကိုလည်း မကြားနိုင်
အရာရာကို လွှတ်ချလိုက်ပြီး
ရေစီးနဲ့ မျောပါလိုက်မယ် ဆိုမှ
တုန့်ခနဲ လှမ်းဆွဲထားတဲ့
ကြိုးသေးသေးလေး တစ်ချောင်း

ချည်တိုင်က အထုံးကလေး မပြေသရွေ့
ကနူးသင်္ဘောလေးက ရေစီးကြောင်းထဲမှာ
လူးလွန့်နေ

ဒီဇင်ဘာ ၇၊ ၂၀၂၃။

mgyoe.com

mgyoe.com SAMPLE BOOK

ဟား ခါး

mgyoe.com

mgyoe.com SAMPLE BOOK



၁။

ဟားခါးမြို့ လမ်းဆုံ နာရီစင်ကနေ
ဗိုလ်ချုပ်လမ်းပေါ် ဆင်းသွားရင်း
သီတာလမ်းခွဲ မရောက်ခင်ကလေးမှာ
လှိုဝ်ဂုက်ကမ္ဘာလေးတစ်ခု ရှိတယ်

စိမ်းပြာနု သစ်သားတံခါးကို တွန်းဖွင့်လိုက်
ဖန်သားပြတင်းပေါက်များနဲ့ နှင်းဆီခြံ
အတွင်းထဲ လှမ်းလိုက်တဲ့ ခြေလှမ်းနဲ့အတူ
ကားသံ၊ ဆိုင်ကယ်သံများ တဖြည်းဖြည်း ငြိမ်ကျ
တိုးရာမှ ကျယ်လာတဲ့ ငြင်းခုံသံ ရယ်သံများ

မနက်ခင်းတိုင်း အားအင်အပြည့်နဲ့ သူမဟာ
လက်နဲ့ ထပ်ကာထပ်ကာ မံထားတဲ့ ရွှံ့နီမီးဖိုပေါ်က
ဆန်ပြုတ် ရာဇဝင်အိုးကို သစ်သားယောက်မကြီးနဲ့ မွှေ
ဆာလောင်မွတ်သိပ်သူတွေကို ဖြည့်တင်းပေးတယ်

mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK



ဘယ်ဘက်ထောင့်ခြမ်း ပြတင်းပေါက်နားက
လေးထောင့်ပုံ စားပွဲထိပ်ဟာ လွတ်နေတဲ့အခါ
ကျွန်မရဲ့ နေရာ

အဲဒီကနေ အားလုံးကို ပြုံးပြ နှုတ်ဆက်လို့လည်း ရ
မျက်နှာလွှဲ နှင်းဆီပင်များ ကြားက
မက်မုံပန်းပွင့်များကိုပဲ ကြည့်နေလို့လည်း ရ
ဖတ်လက်စ စာအုပ်ထဲ ခေါင်းနှစ်ထားလို့လည်း ရ
ပုံကြမ်းခြစ် စာရွက်ပေါ် ဆီဖယောင်း ရောင်စုံများကို
လက်နဲ့ ပွတ်ဆွဲနေလို့လည်း ရ

ဒီကမ္ဘာလေးထဲမှာ သမ္မတလည်း မရှိ
ဝန်ကြီးများ၊ လွှတ်တော်အမတ်များလည်း မရှိ
ပါစတာများ၊ ဘုန်းကြီးများလည်း မရှိ
စစ်သားများ၊ သူပုန်များလည်း မရှိ
အုပ်ချုပ်သူ၊ အုပ်ချုပ်ခံ မရှိ
မြေပိုင်ရှင်၊ အိမ်ခြေမဲ့ မရှိ
ဆာလောင်နေသူများနှင့် အစားအစာချပေးသူ
လူတန်းစား နှစ်မျိုးသာ
လိုအပ်ချက်များကို အပြန်အလှန် ဖြည့်ဆည်း
ဒီကမ္ဘာလေးထဲမှာ ရိုးရှင်းစွာ

mgyoe.com

mgyoe.com SAMPLE BOOK



အပြင်ကိုထွက်တဲ့ ခြေလှမ်းများနဲ့ အတူ
စကားပြောသံ ရယ်သံများ တဖြည်းဖြည်း တိုးတိတ်သွား
ကားဟွန်းတီးသံ၊ မချိမဆံ့ လမ်းပြင်စက်ကြီးများရဲ့ အသံ
အနုတ် ၆ ဒီဘီ ကျော်သွားတဲ့ ဆိုင်ကယ်အိတ်ဇောသံ

သူတို့တစ်တွေ စိမ်းပြာနု သစ်သားတံခါးဝမှာ
ချိတ်ဆွဲခဲ့တဲ့ အတ္တဝတ်ရုံများကို ပြန်ခြုံ
ပုံပြောင်းထားတဲ့ အဖြစ်မှန် ကမ္ဘာလေးထဲကနေ
ထွက်သွားကြတယ်။

အောက်တိုဘာ ၂၈၊ ၂၀၂၃။
(ကောင်းကြိုက် လက်ဖက်ရည်ဆိုင်နဲ့
နောက်ဖေး နှင်းဆီဥယျာဉ်ကလေးသို့)

mgyoe.com

mgyoe.com SAMPLE BOOK



၂။

တောင်တက်လမ်းကျဉ်းကလေး မညီမညာ
ကျောက်တုံး လှေကားထစ်များ
အမျိုးအနွယ်စုံ ခရမ်းရောင်ပန်းပွင့်များ
စိတ်ရဲ့တောင်တန်းကြားထဲက လျှို့ဝှက်လွင်ပြင်လေးတစ်ခု

မီးခိုးရောင်မှိုင်းစွဲ လှေကားလက်ရန်းများ ကတ္တီပါရေညှိစိမ်းစိမ်းတွေ
တောင်ယာရှို့မီးကို လှမ်းမြင်နေရတဲ့ ကပြင်ရဲ့
လျှောက်လမ်း အပြည့်မှာ
အဦးဆုံးပွင့်တဲ့ စိန်ပန်းပြာတွေ ကြွေနေကြ

အိမ်ထဲက ဂျပ်ခုတ် ရက်ကန်းခတ်သံများ
ဘယ်၊ ညာ ချည်ဖောက် ဝါးလွန်းတံနဲ့
အလင်းပြန်နေတဲ့ ထင်းရှူးကြမ်းခင်း ထိခတ်သံ
ရောင်စုံ ချည်ခင် ချည်လုံးကလေးများက စီစီရီရီ
ဖန်ပန်းရိပ်ရောင်စုံ ဆန္ဒင်းမကင်းကွက် ပြတင်းပေါက်များ
နလုံးသားရှိရာအိမ် မနေ့ညက ရောက်ခဲ့တယ်

mgyoe.com